ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦး မြို့နယ်

# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ကွမ်းဖလား ကျေးရွာ ၊ တောင်ဖင်း အုပ်စု

၂၀၁၇ ခုနှစ်

ညောင်ဦးမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း




Theikdi Maung (M&E/MIS)



စက်ရေတွင်း
စာသင်ကျောင်း
စက်ရေတွင်းဟောင်း
ကျေးရွာ စာကြည့်တိုက်
ဘုန်းကြီးကျောင်း
လူနေအိမ်
လယ်ယာမြေ
အရှေ့
မြောက်
တောင်
အနောက်

# လူမှုရေး အရင်းအမြစ်ပြ မြေပုံအား သုံးသပ်ခြင်း

ကွမ်းဖလားကျေးရွာ　　　　　　　　တောင်ဖင်းအုပ်စု　　　　　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

လူမှုရေး အရင်း အမြစ်ပြ မြေပုံကို ရေးဆွဲခြင်းအားဖြင့် ကျေးရွာလူထု သည် မိမိတို့ ကျေးရွာ၏ ပကတိအခြေအနေကို သိရှိနားလည်ခြင်း ၊ ကျေးရွာ၏ လိုအပ်ချက်များကို ရှင်းလင်းစွာ သိမြင်နိုင်ခြင်း ၊ ကျေးရွာ ဖွံ့ဖြိုးမှု လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက်များစွာ အထောက်အကူ ဖြစ်ခြင်း စသဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြပါသည် ။

တောင်ဖင်း အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ဘုန်းတော်

၂။ ကောင်းပင်စည်

၃။ ထနောင်းစု

၄။ မကျည်းစောက်

၅။ ကုန်းရွာ

၆။ ကွမ်းဖလား

၇။ ထရိုင်းတော

၈။ တောရွာ

၉။ စံပြ

၁၀။ ပနီတွင်း

၁၁။ ကံကြဲ

၁၂။ ချွေးပြုတ်

၁၃။ ညောင်လှ

# ကျေးရွာ သမိုင်းကြောင်း

ကွမ်းဖလားကျေးရွာ　　　　တောင်ဇင်းအုပ်စု　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလား ကျေးရွာ တည်စက အိမ်ခြေ ( ၇ ) အိမ်ခန့်သာ ရှိခဲ့ပြီး မူလဘုရားတည်သည့် ဘုရား ဒါယကာသည် မဂၢိစည်သူမင်းဖြစ်ပြီး ထိုမင်းသည် ဖောင်စကြာ နှင့် တိုင်းခန်းလှည့်လယ်လာ ရင်း ယခု ဘုရားတည်သော နေရာတွင် ခတ္တနားလေသည် ။ နားရင်း ရေ ၊ ကွမ်း တို့ကို သုံးဆောင် သောအခါ ကွမ်းထည့်သော ရွှေကွမ်းအစ်မှာ မောက်သွားသည် ။ ထိုအခါ မင်းကြီးသည် ပုဏ္ဏားက ဤ နေရာသည် ဘူမိနက်သန်မြေဖြစ်ကြောင်း လျှောက်လေသော် မင်းကြီးသည် ကွမ်းအစ်ကို ဌာပနာ၍ သက္ကရာဇ် ( ၄၂၀ ) ခုနှစ်တွင် တည်ထားသည် ဟု ခန့်မှန်းရသည် ။ ဘုရားကို အစွဲပြု၍ ဘုရားခြေရင်း တွင် ရှိသော ရွာလေးအား ကွမ်းဖလားရွာဟု ခေါ်ပါသည် ။ ယခု ကွမ်းဖလား ရွာသည် အိမ်ခြေ ၁၂၈ အိမ်ခန့် ရှိနေပြီ ဖြစ်ပါသည် ။ ယခင်က ရွာတွင် ရေလုံလောက်စွာ မရှိခဲ့ပါ ။ မိုးရေ ၊ ရွာ နှင့်ဝေးသော ရေကန်တို့မှ ရေကို အမှီပြုခဲ့သည် ။ ၂၀၁၄ ခုနှစ် ၅ လပိုင်းတွင် ပလန်ဂျပန် BAJ အဖွဲ့မှ အလှူရှင် သည် ရေရှားပါးသည်ကို သိရှိပြီး ၁၀.၈.၂၀၁၄ ရက်တွင် စက်ရေတွင်းကို စတင်တူးဖော်ခဲ့ပြီး ( ၆.၁. ၂၀၁၅ ) ရက်နေ့တွင် အနက်ပေ ၆၀၀ ရေဒိတ် ၃၅၀ ရှိသော ရေတွင်းကို တူးဖော်ပြီးစီးခဲ့ပါသည် ။ ယခင်က ကျေးရွာတွင် စာသင်ကျောင်း သီးသန့် မရှိခဲ့ပါ ။ ဘုန်းကြီးကျောင်းနှင့်တွဲ၍ ကလေးများ စာ သင်ခဲ့ရပါသည် ။ ၁၉၈၉ ခုနှစ် ၇ လပိုင်းတွင် စတင်၍ သီးသန့် စာသင်ကျောင်း ဆောက်လုပ်ပါသည် ။ ၁၁.၆.၁၉၉၀ ခုနှစ်တွင် အလျား ၂၉၀ ပေ နှင့် အနံ ၇၅ ပေ ရှိသော စာသင်ကျောင်းကို စတင်ဖွင့်လှစ်ခဲ့ ပါသည် ။ ကျေးရွာအတွင်း လူကြီး ၊ လူငယ်များပါမကျန် အသိပညာတိုးဖို့ စာဖတ်နိုင်ရန် စာကြည့် တိုက်ကို ပြန်ဆက်အဖွဲ့မှ ( ၁၀ ) သိန်းကျပ် မတည်၍ ကျန်ငွေကို ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထ ပါ ဝင်ဆောက်လုပ်ခဲ့ပါသည် ။ ထိုစာကြည့်တိုက်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ပါသည် ။ ၂၀၁၀ ခုနှစ် ၉ လပိုင်းတွင် ကျေးရွာမှ လျှပ်စစ်မီး ရရှိရန် စတင်ဆောင် ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ၉ လပိုင်းတွင် ကျေးရွာလူထု ပိုင်းဝန်းလုပ်ဆောင်မှုဖြင့် လျှပ်စစ်မီးစတင်လင်းခဲ့ပါ သည် ။ ဤသည်မှာ ကွမ်းဖလား ကျေးရွာ စတင်ခေါ်ခဲ့ပုံနှင့် လုပ်ဆောင်ချက်များ ဖြစ်ပါသည် ။

# လူထုပေါင်းစု ပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်
## ( PSA / PRA ) အကျဉ်းချုပ် ဇယား

**ကျေးရွာ အမည်** - ကွမ်းယာလား


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြ မြေပုံ ( Social Map & Resource Map ) | ၂၆.၉.၂၀၁၇ | | ၂၅ | ၃၀ | ၅၅ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်မြေ လယ်မြေစိုက်ခင်း၊ဘုရားပုထိုးများ စသောကျေးရွာ၏ လက်ရှိအခြေအနေ နှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် ( Seasanal Calendar ) | 〃 | ကော်မတီဝင် ကျေးရွာလူထု | ၁၀ | ၂၀ | ၃၀ | ရာသီဥတုစိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ ဂမ်းစာဖူလုံရေး နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား ( Metric Ranking ) | 〃 | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၄၅ | ၇၀ | ၁၁၅ | ကျေးရွာသူ၊ကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာ သစ်ပင် ( Problem Tree ) | 〃 | ကော်မတီဝင် ကျေးရွာလူထု | ၄၅ | ၇၀ | ၁၁၅ | ကျေးရွာသူ၊ကျေးရွာသားများ ရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲ၏ ကျိုးကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ဖြင့် စီစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅။ | အဖွဲ့အစည်း ချိန်ဆက်ပုံ ( Venn Diagram ) | 〃 | ကော်မတီဝင် ကျေးရွာလူထု ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၁၀ | ၂၀ | ၃၀ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထု အကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking ) | 〃 | ချမ်းသာ အလယ်အလတ် နွမ်းပါး | ၁၀ | ၂၀ | ၃၀ | ကျေးရွာအတွင်းရှိ လူများအကြားငွေကြေးပစ္စည်းဥစ္စာ၊နေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းကျေးရွာအတွက်လိုအပ်မည့်ဝင်ငွေရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန် စဉ်းစားခဲ့ကြသည်။ |
| ၇။ | ပင့်ကူအိမ် ကွန်ယက် ( Spider Web ) | 〃 | အမျိုးသား အုပ်စု အမျိုးသမီး အုပ်စု | ၂၅ | ၃၀ | ၅၅ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း တန်းတူအခွင့်အရေး၊ပညာသင်ကြားနိုင်မှု၊ဘဝလုံခြုံမှု စသည့်အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |
| ၈။ | ကျား+မ အရင်းအမြစ် ပိုင်ဆိုင်မှုပြ ပုံစံ | 〃 | အမျိုးသား အမျိုးသမီး အုပ်စု | ၁၀ | ၂၀ | ၃၀ | ပြဿနာအခွင့်အရေး၊လက်ရှိအခြေအနေနှင့် ပြောင်းလဲမှု ညွှန်ကိန်း |

# ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ကွမ်းဖလား

အုပ်စု အမည် = တောင်ဇေး

ရက်စွဲ ။ ၂၆.၉.၂၀၁၇




# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကွမ်းဖလားကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလားကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်အား သုံးသပ်ရာတွင် ကျေးရွာတွင် တော်သလင်းလသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ရာသီဥတုသည် နွေ ၊ မိုး ၊ ဆောင်း ပြောင်းလဲ နေပြီး ဂါဆို ၊ ဂါခေါင်တွင် သီးနှံများ စိုက်ပျိုးကြပါသည် ။ သီးနှံများကို ဂါဆိုလတွင် အများဆုံးစိုက်ပျိုးပြီး နယုန်လနှင့် ဂါခေါင်လများတွင် အနည်းငယ်စိုက်ပျိုးသည်ဟု သုံးသပ်မိပါသည် ။ သီးနှံများကို ရိတ်သိမ်းရာတွင် သီတင်းကျွတ်လ တွင် စတင်ရိတ်သိမ်း၍ တန်ဆောင်မုန်းလ တွင် အများဆုံး ရိတ်သိမ်းပြီး နတ်တော်လတွင်နောက်ဆုံးထား၍ရိတ်သိမ်းသည်ကိုတွေ့ရပါသည် ။တပို့တွဲလတွင်ထန်းစတက်ချိန်ဖြစ်၍ တပေါင်း ၊ တန်ခူးလများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ ဂင်ငွေတွင် နတ်တော်လသည် အကောင်းဆုံး ဖြစ်ပါသည် ။ သီးနှံများ ရိတ်သိမ်းပြီးချိန်း ဖြစ်သောကြောင့်လည်း ဂင်ငွေကောင်းပါသည် ။ တပေါင်းလတွင် ထန်းတက်ချိန်အများဆုံးဖြစ်၍အသင့်အတင့် ဂင်ငွေရှိပါသည် ။ တော်သလင်းလသည် ရွာ၏ ဘုရားပွဲ ဖြစ်သောကြောင့် ထွက်ငွေပိုမိုများပြားသည်ဟု သုံး သုံးသပ်မိပါသည် ။ ကျန်းမာရေး မကောင်းသော ဖြစ်တတ်သောလများမှာ တော်သလင်းလတွင် စတင်ဖြစ်ပြီး သီတင်းကျွတ်လများတွင် အများဆုံး ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ထို့ကြောင့်အစည်းအဝေးများလုပ်ငန်းများ ပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ပန်းကားချပ်

**ကျေးရွာ** - ကွမ်းယလား **အုပ်စု** - တောင်ခနဲ **ရက်စွဲ** ၊ ၂၆.၉.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ် သုံးသပ်ချက်

ကွမ်းဖလားကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလား ကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ ဩဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာလူထု ၊ လူထုဗဟိုပြု စီ/ထောက် အဖွဲ့ ၊ သ.မ အဖွဲ့များသည် ကျေးရွာတွင် ဩဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး မီးကော်မတီ ၊ ပရဟိတ အဖွဲ့ ၊ ရေကော်မတီအဖွဲ့များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ယူအမ်ဟတ်ဗီးတက် ၊ ရှေ့သို့ပက်မြန်မာ ၊ ဘာသာရေးအဖွဲ့ နှင့် အမျိုးသား အဖွဲ့များလည်း ရှိသည်ကို တွေ့ရှိရပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသာကြောင့် စည်းလုံးညီညွတ်မှု နှင့် ပူးပေါင်းပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့်ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များကိုလည်း သိရှိလာကြောင်းသုံး သပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည်စုပေါင်းပြီး စည်းလုံးညီညွတ်မှုများနှင့်ဆွေးနွေးတိုင်ပင်လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည် ။

# ဥစ္စာ ဓနပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ကွမ်းဖလား  အုပ်စု အမည် = တောင်ဇွန်း  ရက်စွဲ ။ ၂၆.၉.၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာနိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | လယ်မြေဧက (၁၅) ဧကထက်၊ နွားတစ်ရှဉ်း၊ ကားတိုက်အိမ်၊ ပွဲရုံ၊ ဆီစက်၊ ထန်းတော ၂၀၀ပင်၊ လယ်ထွန်စက်၊ | ၁၀ | ၈% |
| ၂ | ပြေလည်သောအုပ်စု | လယ်မြေဧက (၅) ဧကထက်၊ နွားတစ်ရှဉ်း၊ ထော်လာ သွပ်မိုးအိမ်၊ ထန်းတော ၂၅ပင်၊ ဆိုင်ကယ်၊ ဖုန်း၊ စားဝတ်နေရေး (၃) လစာ ဖူလုံ | ၃၀ | ၂၃% |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်မြေဧက (၅) ဧကအောက်၊ နွားမ၊ ထော်လာ သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ ဖုန်း၊ စားဝတ်နေရေး (၁) လစာ ဖူလုံ | ၄၀ | ၃၁% |
| ၄ | မပြေလည်သော အုပ်စု | ထန်းလက်ကာ ထန်းလက်မိုးအိမ်၊ နွားမ၊ ဆိုက်ကား၊ ဝက်၊ ဆိုင်ကယ်၊ ဖုန်း၊ စားဝတ်နေရေး တစ်နေ့လုပ် တစ်နေ့စား | ၂၉ | ၂၂% |
| ၅ | နွမ်းပါးသော အုပ်စု | တဲအိမ်၊ ဆွေမျိုးများနှင့် ကျေးရွာလူထုမှ ကျွေးမွေး စောင့်ရှောက် | ၂၀ | ၁၆% |

# ဥစ္စာခေန ပိုင်ဆိုင်မှု ခွဲခြားခြင်း အား သုံးသပ်ချက်

ကွမ်းဖလားကျေးရွာ　　　　　တောင်ဖင်းအုပ်စု　　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလား ကျေးရွာ၏ ဥစ္စာခေန ပိုင်ဆိုင်မှု ခွဲခြားခြင်းကို သုံးသပ်ရာတွင် ကျေးရွာအခြေနေအရ အုပ်စုအဆင့် ( ၅ ) ဆင့်ဖြင့် သတ်မှတ်သည်ကို တွေ့ရှိရပါသည် ။ အုပ်စု တစ်ခုချင်းစီတွင်လည်း ပိုင်ဆိုင်မှုများကို ကျေးရွာ၏လက်ရှိ အခြေအနေအတိုင်း ဆွေးနွေးသတ်မှတ်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အုပ်စုအဆင့် ( ၅ ) ခုမှာ အပြေလည်ဆုံးအုပ်စု ၊ ပြေလည်သော အုပ်စု ၊ အသင့်အတင့် ပြေလည်သော အုပ်စု မပြေလည်သော အုပ်စု နှင့် နွမ်းပါးသောအုပ်စုတို့ ဖြစ်ပါသည် ။ပိုင်ဆိုင်မှုများကိုသတ်မှတ်ထားသော်လည်း အားလုံးပိုင်ဆိုင်သည်ဟု မဆိုလိုနိုင်ပါ ပျှမ်းမျှစွာ သတ်မှတ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာတွင် မပြေလည်သော အုပ်စုများ အများဆုံး ရှိနေပြီး နွမ်းပါးသော အုပ်စုများလည်း ရှိနေပါသည် ။ လူမှုရေး ၊ စီးပွားရေး ၊ အလုပ်အကိုင် ၊ စားဝတ်နေရေးသည် ကျေးရွာတွင်လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

ကွမ်းဖလား ကျေးရွာတွင် ထိုသို့ သတ်မှတ်ခွဲခြားခြင်းအားဖြင့် ကျေးရွာသူ / သားများအားလုံးသည် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေ အိမ်ထောင်စုများကို သေချာသိကျွစွာ သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ မိမိတို့ ကျေးရွာတွင် မပြေလည်သော အုပ်စုတွင် ပါဝင်သောသူတို့၏ အခက်အခဲများ ၊ လိုအပ်ချက်များကို သိရှိလာသောကြောင့် သူတို့အတွက် ဦးစားပေး စဉ်းစားပေးရန်လည်း သိရှိလာကြသည် ။ စီမံကိန်းနှင့် ပတ်သက်သော အစည်းအဝေးများ ၊ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာစေရန် ဦးစားပေး ထည့်သွင်းစဉ်းစားပေဖို့ကိုလည်း သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် လူထုဗဟိုပြု စီမံကိန်း၏ ထူးခြားချက်များသည် ကျား ၊ မ တန်းတူ အခွင့်အရေး နှင့် ကျေးရွာရှိ အိမ်ထောင်စု အားလုံးကို ခွဲခြားမှု မရှိစေဘဲ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်ဆောင်ရွက် လုပ်ကိုင်ရသည်ကို ကျေးရွာလူထုအားလုံး နားလည်သဘောပေါက်ကြသည်ဟု သုံးသပ်မိပါသည် ။

ကွမ်းယာလားကျေးရွာ ၊ တောင်ရေး အုပ်စု

# ကျား ၊ မပိုင်ဆိုင်မှုပြ ဇယား

ရက်စွဲ - ၂၆.၉.၂၀၁၇

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကား | ချုပ်ခုံဆိုင် | စာသင်ကျောင်း |
| ဆိုင်ကယ် | ရွှေထည်ပြ | စက်ရေတွင်း |
| နွား | ထန်းလျက်ဖို | ဆိတ် |
| ထွန် | ဖိနပ်ချုပ်စက် | ဝက် |
| နွားလှည်း | | ထင်းတော |
| ဆီဆုံ | | သရက်တော |
| မုဆိုး | | သုံးပင်ခါးတော |
| | | ဖုန်း |
| | | ယာခင်း |
| | | ပွဲရုံ |
| | | စက်ကြီး |
| | | TV |

## အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကား | ရွှေထည်ပြ | ဆိုင်ကယ် |
| နွား | ဖိနပ်ချုပ်စက် | မုဆိုး |
| နွားလှည်း | ထန်းလျက်ဖို | ချုပ်ခုံဆိုင် |
| ထွန် | | စာသင်ကျောင်း |
| ဆီဆုံ | | စက်ရေတွင်း |
| | | ဆိတ် |
| | | ဝက် |
| | | ထင်းတော |
| | | သရက်တော |
| | | သုံးပင်ခါးတော |
| | | ဖုန်း |
| | | ယာခင်း |
| | | ပွဲရုံ |
| | | စက်ကြီး |
| | | TV |


# ကျား ၊ မ ပိုင်ဆိုင်မှု သုံးသပ်ချက်

ကွမ်းဖလား ကျေးရွာ　　　　တောင်ဖင်းအုပ်စု　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလား ကျေးရွာ ကျား ၊ မ အရင်း အမြစ် သုံးစွဲမှု နှင့် အရင်းအမြစ် ထိန်းချုပ်မှုပြ ဇယား ကို ကြည့်လိုက်ခြင်း အားဖြင့် ကျေးရွာတွင် သုံးစွဲနေသော အရင်းအမြစ်များကို သိရှိလာပြီး အမျိုးသား များ နှင့် အမျိုးသမီး တို့ သုံးစွဲနေသော အရင်းအမြစ်များကိုလည်း သိရှိလာခဲ့ရပါသည် ။ ထို အရင်းအမြစ် များကို မည်သူတွေက ထိန်းချုပ်နေသည်ကိုလည်း သိရှိလာခဲ့ရပါသည် ။ ကျား ၊ မ ပိုင်ဆိုင်မှုပြ ဇယားကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာ၏ သုံးစွဲနေသော အရင်းအမြစ်များနှင့် ထိန်းချုပ်မှုများကို သိရှိလာသည် ကို တွေ့ရှိရပါသည် ။

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

**ကျေးရွာ** - ကွမ်းဖလား **အုပ်စု** - တောင်ဇရင်း **ရက်စွဲ** ၂၆.၉.၁၇




ကျား ———

မ ———


# ကျား/မ ရေးရာ ပင့်ကူအိမ် သုံးသပ်ချက်

ကွမ်းဖလားကျေးရွာ　　　　　　တောင်ဖင်းအုပ်စု　　　　　　ရက်စွဲ ၊ ၂၆.၉.၂၀၁၇

ကွမ်းဖလားကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့်အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့် ( ၁ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။ ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည် ။ ပညာရေးမှာ အမျိုးသားများနှင့် တန်းတူအခွင့်အရေးရနေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို ပညာရေးတွင် ဦးစားပေးသည်ဟု သုံးသပ်မိပါသည်။ ကျန်းမာရေးတွင် အမျိုးသမီးများသည် အဖြစ်များသည်ကို တွေ့ရှိရပြီး အမျိုးသားများထက်( ၂ ) ဆင့် ပိုများနေပါသည် ။ အမျိုးသမီးများသည် ဆေးကုသရန် သွားလာရာတွင် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ( ၃ ) ဆင့် သာနေပါသည် ။ အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အစည်းအဝေးများ တက်ရောက်ပါဝင်မှုတွင် အမျိုးသမီးများက အဆင့် ( ၄ ) ဆင့်အထိ တက်နေပါသည် ။ အမျိုးသမီးများ ပူးပေါင်းပါဝင်မှု အားကောင်းသည်ကို တွေ့ရပါသည် ။ ခေါင်းဆောင်မှု အခြေအနေတွင် အမျိုးသမီးများမှာ အမျိုးသားများအောက် အဆင့် ( ၂ ) အထိ ရှိနေ၍ အမျိုးသားများ အနေဖြင့်အမျိုးသမီးများကို ပူးပေါင်း ပါဝင်ရန် ခေါ်ဆောင်သင့်ပါသည် ။ လုံခြုံမှုတွင် အမျိုးသားများ က အဆင့် ( ၄ ) ဆင့်အထိ သာလွန်နေ၍ အမျိုးသမီးများကို စောင့်ရှောက်ရန်လိုအပ်နေပါသည် ။ အိမ်မှုကိစ္စတွင် အမျိုးသမီးများသည်အဆင့်( ၁၀) ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့် ( ၃ ) တွင် ရှိနေပါသည် ။ ကွမ်းဖလားကျေးရွာ၏ ကျား / မ ရေးရာ ပင့်ကူအိမ်ကို ဆွဲလိုက်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။ အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေးဖြေးချင်း အဆင့်များ တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

# ပြဿနာ သစ်ပင်

ကွမ်းယလား ကျေးရွာ | တောင်ရေး အုပ်စု | ၂၆.၉.၂၀၁၇



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ကွမ်းဖလားကျေးရွာ **တောင်ဇင်းအုပ်စု** **ရက်စွဲ ၊** ၂၆.၉.၂၀၁၇

ကွမ်းဖလားကျေးရွာ၏ မီးအခက်အခဲ ပြဿနာသစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ်ဖြစ်သော ထရွှန်စဖာမာ မရှိခြင်း ၊ မီးကြိုး မီးတိုင် မလုံလောက်ခြင်း ၊ တောပိုင်းတွင် မီးတိုင်များ မရှိခြင်း ၊ စီးပွားရေး အဆင်မပြေခြင်း နှင့် အလုပ်အကိုင် မရှိခြင်းတို့ကြောင့် မီးအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် ကျေးရွာမီးမလင်းခြင်း ၊ ကလေးများ စာကြည့်ဖို့ ခက်ခဲခြင်း ၊ မီးဘေးကြောက်ရခြင်း ၊ ထင်းမီးများ အသုံးပြုနေရသည့်အတွက် သစ်တောများ ဖြုန်းတီးခြင်း ၊ အလုပ်အကိုင်များ ခက်ခဲခြင်း နှင့် ပညာ ၊ ဗဟုသုတများ နည်းပါးခြင်းကြောင့် အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည် ။ ထို့ကြောင့် ကျေးရွာတွင် မီးအတွက် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ထရွှန်စဖော်မာ လိုအပ်ခြင်း ၊ မီးတိုင် နှင့် မီးကြိုးများ လိုအပ်ခြင်း နှင့် စီးပွားရေး ကောင်းမွန်စေရန် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာသစ်ပင် ရေးဆွဲလိုက်ခြင်းအားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေးလုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည် ။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည် ။

ကော်မတီဂဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ





# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးဆေးအောင် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ကွမ်းဖလား | ၀၉-၂၅၈၁၂၂၄၂၈ |
| ၂ | ဒေါ်ဆွေဆွေခိုင် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | " | |
| ၃ | ဦးကံဝင်း | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | " | ၀၉-၂၅၉၁၇၈၅၆၆ |
| ၄ | ဦးမျိုးမင်းဦး | မှတ်တမ်းထိန်း | " | ၀၉-၇၉၁၂၂၈၁၅၆ |
| ၅ | ဒေါ်[illegible]ကြည် | အဖွဲ့ဝင် | " | |
| ၆ | ဦးအောင်ပေါ် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | " | |
| ၇ | ဦးမှတ်ရှိ | အဖွဲ့ဝင် | " | ၀၉-၇၇၉၅၀၈၇၈၇ |
| ၈ | ဒေါ်ကြည်ဌေး | အဖွဲ့ဝင် | " | ၀၉-၇၆၀၀၉၇၆၈ |
| ၉ | ဒေါ်ဖြူ | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | " | ၀၉-၄၅၂၄၄၃၉၈ |
| ၁၀ | ဦးအောင်လင်း | အဖွဲ့ဝင် | " | ၀၉-၂၅၉၈၅၁၀၃၇ |
| ၁၁ | ဒေါ်သင်းမာဝင်း | အဖွဲ့ဝင် | " | |
| ၁၂ | ဦးသန့်ရွှေ | ဝေဖန်အကြံပြုတိုင်ကြားရေး | " | |
| ၁၃ | ဒေါ်မိုးမိုး | ဝေဖန်အကြံပြုတိုင်ကြားရေး | " | |
| ၁၄ | ဦးဝင်းကြည် | စေတနာ့ဝန်ထမ်း | " | ၀၉-၃၂၀၀၁၀၀၅ |
| ၁၅ | ဒေါ်ကြည်ဌေး | စေတနာ့ဝန်ထမ်း | " | |
| ၁၆ | ဦးဥာဏ်လင်း | ကျေးရွာစာရင်းကိုင် | " | ၀၉-၇၉၁၂၂၇၈၁၀ |

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြသန်း | ၀၉. 779504019 | ဦးကျော်ရင်မိုး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မကွေး | ချောက် | တောင်ရှင်း | ကွမ်းဖလား |

ကး လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ------ | ၁၂၉ | ဘာသာ (၁) ဗုဒ္ဓ------- | ၁၂၉ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၄၈ | ၃၄၂ |
| လူမျိုးစု (၁)ဗမာ------- | | |
| လူမျိုးစု (၂)----------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀၅ | ၂၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောက်များ**

| **စာသင်ကျောင်း** | အမှတ်ခြစ်ပါ | **ကျန်းမာရေး** | အမှတ်ခြစ်ပါ | **ဘာသာရေး အဆောက်အအုံများ** | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် ဇာတ်ဆင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) တသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်) / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် 2015 / မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.5 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 05:00 ---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ----------------

မိုးရာသီတွင်ကြာချိန် 05:00 ---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရှေ့အိုး

(၂) UN Habitat.

(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးမြသန်း

လက်မှတ် နေ့စွဲ 24.9.17

လူထုစည်းရုံးရေးမှူး

အမည် ဦးကျော်ဆွေဖြိုး

လက်မှတ် နေ့စွဲ 24.9.17

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်ဇင်မြိုး | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု တောင်ဇလေး | ကျေးရွာ ကျွဲဖားယာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၄.၉.၁၇ | ၂၄.၉.၁၇ | ၄၀ | ၆၀ | ၁၀၀ | ၁၀၀ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၄၅ | ၇၀ | ၁၁၅ | ၁၁၅ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၂၈ | ၁၈ | ၄၆ | ၄၆ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၃.၁၁.၁၇ | ၂၃.၁၁.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၇.၄။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၅။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ခင်ဖြိုး | | | |
| နေ့စွဲ ၂၆.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁)<br>☑ စက်ဝန်း(၃) | ☐ စက်ဝန်း(၂)<br>☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း<br>မန္တလေး | မြို့နယ်<br>ညောင်ဦး | ကျေးရွာအုပ်စု<br>တောင်ဇီ | ကျေးရွာ<br>ကွမ်းဖလား |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်

အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အိမ်ဝိုင်း မီး မရှိသည့်အတွက် ညအခါ တွင် သွားလာရေး ခက်ခဲ | ၁ | အိမ်ဝိုင်း မီးမရှိသည့် အတွက် ကလေးများ စာကြည့်ရာတွင် ခက်ခဲ |
| ၂ | ရေခပ်ရာ ဝေးသော ကြောင့် အချိန် ကုန် လူပင်ပန်း | ၂ | ရွာချင်း ဆက် လမ်း များ မကောင်းသော ကြောင့် သွားလာရေး ခက်ခဲ |
| ၃ | ရွာတွင် KG ကျောင်း မရှိသည့် အတွက် ကလေး များ စာသင်ရာတွင် ခက်ခဲ | ၃ | စက်ရေတွင်း ပိုက်များ သံချေးတက်နေသဖြင့် ရေ ခက်ခဲ |
| ၄ | ရွာချင်း ဆက် လမ်း များ မကောင်းသဖြင့် သွားလာရေး ခက်ခဲ | ၄ | စာသင်ကျောင်း မျက်နှာကျက် ပျက်စီးနေ၍ ကလေးများ စာသင်ရာတွင် ခက်ခဲ |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အိမ်ဝိုင်း မီး ရရှိလျှင် ညအချိန် သွားလာရေး လွယ်ကူပြီး စီးပွားရေး တိုးတက်လာမည် | ၁ | အိမ်ဝိုင်း မီးရရှိလျှင် ညအချိန် သွားလာရေး လွယ်ကူပြီး စီးပွားရေး တိုးတက် လာမည် |
| ၂ | အိမ်ဝိုင်း ရေကောက် ရေရရှိလျှင် အချိန် ကုန် သက်သာ၍ စီးပွားရေး အတွက် အချိန်ပေးနိုင် | ၂ | ရွာချင်း ဆက်လမ်းများ ကောင်းမွန်လျှင် စီးပွားရေး ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည် |
| ၃ | KG ကျောင်းဆောင် ဆောက်လုပ်ပြီးလျှင် ကလေးများ အတွက် ပိုမို ကောင်းမွန်မည် | ၃ | စက်ရေတွင်း ပိုက်များ လဲလှယ်ပြီးပါက ရေလုံလောက်ပြီ ရေကောင်း ရေသန့် သုံးစွဲနိုင်မည် |
| ၄ | ရွာချင်း ဆက် လမ်း များ ကောင်း မွန်လျှင် စီးပွားရေး ဈေးကွက် ပို၍ ဆက်သွယ်ရေး ကောင်းမွန် | ၄ | စာသင်ကျောင်း မျက်နှာကျက် ပြင်ဆင်ပြီးလျှင် ကလေးများ အေးချမ်းစွာ စာသင်ကြားနိုင်မည် |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မီးကြိုး ၊ မီးတိုင် (တိုးချဲ့) တပ်ဆင်ခြင်း | ကျား + မ | ၁၀,၀၀၀,၀၀၀ | ၆၉၁ |
| ၂ | ရေစစ် ၊ စက်ရေတွင်း ရေပိုက်လိုင်း | ကျား + မ | ၈,၀၀၀,၀၀၀ | " |
| ၃ | ဆိုလာမီး လမ်းမီး ( တပ်ဆင် ) | ကျား + မ | ၁၀,၀၀၀,၀၀၀ | " |
| ၄ | ရွာချင်းဆက် လမ်း ခင်းခြင်း | ကျား + မ | ၁၂,၀၀၀,၀၀၀ | " |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး ၊ မွေးမြူရေး အတွက် [illegible] | ကျား + မ | |
| ၂ | နည်း ပညာ သင်တန်း များ | ကျား + မ | |
| ၃ | အသက်မွေး ဝမ်း ကျောင်း သင်တန်းများ | ကျား + မ | |
| ၄ | ကျန်းမာရေး အတွက် ကား လိုအပ် | ကျား + မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည်၊ ---ဦးလှဆောင်--- လက်မှတ်၊ ------------ နေ့စွဲ ---၂၆.၉.၂၀၁၇---

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇင်ဖြိုး ၊ ဒေါ်သက်မွန်ဦး

နေ့စွဲ ၂၀.၁၀.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ချင်းလေး | မြို့နယ် ဟောင်ဦး | ကျေးရွာအုပ်စု တောင်ဇေး

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ဘုန်းတော် | စက်ရေတွင်းတူး၊မော်တာ(ရေသန့်ကန်၊ရေဝေကျ ပိုက်ပါ) | 700'-4ϕ 3000 gal 10'x8'x8' | ၁၇၁၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| ကွမ်းယလား | ဓါးကြိုး၊ဓါးတိုင်တပ်ဆင်ခြင်း | 3000'-400V (26)တိုင် | ၆၈၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ထဲအောင်ဇေရ | စက်ရေတွင်းတူး၊မော်တာဖြင်း(ရေသန့်ကန်၊ရေဝေကျ ပိုက်ပါ) | 700'-4ϕ 3000 gal 18'x8'x8' | ၁၆၈၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| ကောင်းပင်ဆည် | ဓါးကြိုး၊ဓါးတိုင် အုပ်တန်ဆင်ခြင်း | 3500'-400V (32)တိုင် | ၁၇၈၃ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၆၀၀,၀၀၀ | | ၃၀၀,၀၀၀ | ၁၁,၉၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးဘုန်းဒွန်း

လက်မှတ်၊ ..................

ရက်စွဲ၊ ၂၀.၁၀.၂၀၁၇

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး [illegible]

နေ့စွဲ ၂၀.၁၁.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☒စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မကွေး | မြို့နယ် ရေနံချောင်း | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | 1600'x14' x 6" | ၈၃၈ | ☐ ကျား ☐ မ ☒ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၂၀၀,၀၀၀ |
| [illegible] | [illegible] | 4500'x14' x 1' | ၇၀၂ | ☐ ကျား ☐ မ ☒ ကျား+ မ | ၁၁,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| [illegible] | [illegible] | 4500'-400' (13)တိုင် | ၅၃၀ | ☐ ကျား ☐ မ ☒ ကျား+ မ | ၁၀,၀၀၀,၀၀၀ | | ၈၈၀,၀၀၀ | ၁၀,၈၈၀,၀၀၀ |
| [illegible] | [illegible] | 2000'x12' x 9" | ၅၃၂ | ☐ ကျား ☐ မ ☒ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | ၈၇၅,၀၀၀ | ၁၁,၈၇၅,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦး [illegible] လက်မှတ်၊ [signature] ရက်စွဲ၊ ၂၀.၁၁.၂၀၁၇

# ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | |
|---|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇေယျမြင့် ၊ ဒေါ်သက်မွှေးဦး | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး ၊ မြို့နယ် ရမည်းသင်း | ကျေးရွာအုပ်စု တောင်ရင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \|အမည်/အဖွဲ့ | စုစုပေါင်း |
| ခံမြ | ဓါတ်ကြိုး ဓါတ်တိုင် သွယ်တန်းခြင်း | ၃၀၀၀'-၄၀၀' ၁၂ တိုင် | ၄၀၅ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၆၀၀,၀၀၀ | | ၁၉၄,၉၁၉ | ၉,၇၉၄,၉၁၉ |
| ရွှေမြတော် | မီးကြိုး မီးတိုင် သွယ်တန်းခြင်း | ၆၄၃၀၀' ၄၄ တိုင် | ၁၁၃၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၂,၀၀၀,၀၀၀ | | ၂၅၀,၀၀၀ | ၁၂,၂၅၀,၀၀၀ |
| ရွာသစ် | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၂၅၀၀' ၂၆တိုင် | ၈၀၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ပနီတွင်း | မီးကြိုး မီးတိုင်သွယ် တန်းခြင်း | ၃၈၀၀' ၃၉ တိုင် | ၁၁၇၄ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၁,၈၀၀,၀၀၀ | | ၂၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ

အမည်၊ မြင့်ဘိုဘိုဦး

လက်မှတ်၊ ..................

ရက်စွဲ၊ ၂၀.၁၀.၂၀၁၇

## ပုံစံ ၈-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ကျော်ဇေယျ ဖြိုး ၊ ဒေါ် သက်မွန်ဦး | |
| နေ့စွဲ ၂၀ . ၁၀ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး ၊ မြို့နယ် ကျောက်ဆည် | ကျေးရွာအုပ်စု တောင်ဗြင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကံကျ | မီးကြိုး မီးတိုင် သွယ်တန်းခြင်း | ၂၈၀၀' ၃၀ တိုင် | ၉၈၉ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀,၇၀၀,၀၀၀ | | ၃၀၀,၀၀၀ | | ၁၁,၀၀၀,၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဘုန်းဝင်း လက်မှတ် ရက်စွဲ ၂၀.၁၀.၂၀၁၇

# "လူထုဗဟိုပြု စီမံကိန်း"

## ဒုတိယအနှစ် စက်ဝန်း

### စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ကွမ်းယား                    အုပ်စုအမည် - တောင်ရွေး

နေရာ - စာကြည့်တိုက်                    ရက်စွဲ - ၂၄.၉.၁၇

အစည်းအဝေး စတင်ချိန် - ၁၀း၀၀                    ပြီးဆုံးချိန် - ၄း၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၄၀) မ (၆၀)

လူထုဗဟိုပြု စီမံကိန်း ဒုတိယအနှစ် စက်ဝန်း ပထမအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို ၂၄.၉.၁၇ ရက်နေ့ တွင် ပြုလုပ်ခဲ့ပါ သည်။ ပထမဦးစွာ အခမ်းအနား အစီအစဉ် များကို ကြေညာခဲ့ပါသည်။ ထို့နောက် အခမ်းအနား ဖွင့်လှစ်ကြောင်း ပြောကြားပေးခဲ့ပြီး ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြသင် မှ အဖွင့်အမှာ စကား ပြောကြား ခဲ့ပါသည်။ ကျေးရွာ လူထုမှ အစည်းအဝေးများ တက်ရောက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် နှင့် တိုင်ပင် ဆွေးနွေးပြီး ပြုလုပ်ကြရန် ပြောကြားခဲ့ပြီး အစည်းအဝေး မပြီးဆုံးဘဲ မပြန်သွားကြပဲ အစည်းအဝေး ပြီးဆုံးသည် အထိ တက်ရောက်ပေးကြရန် ပြောကြားခဲ့ပါသည်။

လူထု စည်းရုံးရေးမှူး ဦးကျော်ဇေဝင်း မှ ယခု အစည်းအဝေး ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပြီး အလုပ်တွေ မအားလပ် ပေမယ့် အစည်းအဝေးကို တက်ရောက်ပေးတဲ့ အတွက် ကျေးဇူးတင်ကြောင်း [illegible] ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်း အကြောင်း ကို ကျေးရွာ လူထု နှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စီမံကိန်း၏ ရည်ရွယ် ချက် ကို ကျေးရွာလူထု နား လည်အောင် ရှင်းပြ ဆွေးနွေး ခဲ့ပါသည်။

ထို့နောက် ဒေါ်သူဇာလွင် မှ စီမံကိန်း စက်ဝန်း အကြောင်း အရာ များ တွင်ပါဝင်သော အပိုင်း (၆) ပိုင်း နှင့် အဆင့် (၁၄) ဆင့် ကို သေချာစွာ ရှင်းပြခဲ့ပါသည်။

စီမံကိန်း တက်ဝန်း အသင့်တစ်ခု စီတွင် ပထမနှစ်က တွေ့ကြုံခဲ့သော အကြောင်းအရာများကို ပြန်လည် ဆွေးနွေးခဲ့ပြီး အသင့်တိုင်းတွင် ဥပမာများ ပေး၍ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။ ထို့နောက် ရန်ပုံငွေ အကြောင်းကို ဦးကျော်ခင်ဖြိုး မှ ရှင်းပြခဲ့ပါသည်။ စီမံကိန်း မှ ရန်ပုံငွေများ ချေးငှား ပေးရာတွင် တစ်ရွာချင်း စီ၏ လူဦးရေကို ထောက်ပံ့ တာမဟုတ်ပဲ အုပ်စုရဲ့ လူဦးရေ အပေါ်မှာ မူတည်ပြီး ထောက်ပံ့ပေး သော ကြောင့် အုပ်စုမှ သုံးဖြတ်မည် ဖြစ်ကြောင်းနှင့် ရန်ပုံငွေများကို ခွဲဝေရာတွင် လုပ်ငန်းများ အပေါ် မူတည်ပြီး ခွဲဝေသတ်မှတ်ကြောင်း ရှင်းပြခဲ့ပါသည်။ ပထမနှစ် အတွက် ရန်ပုံငွေ အသုံးအစွဲ ပိုကြောင်း ကိုလည်း ကျေးရွာလူထု အားလည်းကောင်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာတွင် ပထမနှစ် လုပ်မည့် လုပ်ငန်းများ အတွက် အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ဒေါ်သူဇာလှိုင် မှ ရှင်းပြခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးရွာ မှ အဆိုပြု ထားသော လုပ်ငန်းများကို မြို့နယ်သို့ တင်ပြရပါ သည်။ မြို့နယ်မှ ခွင့်မပြု သော လုပ်ငန်းများကို လုပ်ဆောင်၍ မရကြောင်း ရွာသားများ ထိခိုက် နစ်နာသော လုပ်ငန်းများနှင့် အရည်အသွေး မပြည့်မှီ သော လုပ်ငန်းများ မရကြောင်း ကျေးရွာလူထု အားလည်းကောင်း ရှင်းပြခဲ့ပါသည်။ သက်လက်၍ အကာအကွယ် အကြောင်းကို လည်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ လူတိုင်း အတွက်လည်း အကာအကွယ်များ အသုံးပြုသင့်ကြောင်းကို ဥပမာများဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဖြစ်နိုင်ခြေ ရှိသော ဆိုးကျိုး များကို လျော့ချနိုင်ရန် အတွက် အကာအကွယ် ဆိုတာ အရေးကြီးကြောင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ အဓိက အခန်း ကဏ္ဍ တစ်ခု ဖြစ်သော ကျား / မ ရေးရာကို ဦးကျော်ခင်ဖြိုး မှ ဆွေးနွေးခဲ့ပါသည်။ ကျား / မ ရေးရာ အတွက် မေးခွန်းများ မေးခဲ့ပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။ ကျား / မ ရေးရာ၏ အဓိက အချက် ( ၆ ) ချက်ကိုလည်း ထပ်မံ ဆွေးနွေးခဲ့ပြီး ၊ ဝေဖန် အကြံပြု တိုင်ကြား ဖြေရှင်းရေး စနစ်

အကြောင်းကိုလည်း ဆေးခန်းများနှင့် ပေါင်း ဆွေးနွေးခဲ့ပါသည်။
လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ယှဉ်ဖြင်
သိရှာက်ရှာ တုံ့ပြန်ဖြေရှင်းပေးနိုင်သော နည်းစနစ်အကြောင်းကို ကျေးရွာလူထုနှင့်
ဆွေးနွေးခဲ့ကြပါသည်။ ပေါ်ပေါက်လာ တိုင်ကြားမှု ဖြေရှင်းရေး စနစ်ဖော် လုပ်ငန်းစဉ်
များနှင့် အဆင့်ဆင့် စီးဆင်းပုံများကိုလည်း ကျေးရွာလူထု နားလည်အောင်
ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး လုပ်ငန်းလည်ပတ်မှု ပြုပြင်ထိန်းသိမ်းရေး
အကြောင်းကို အသေးစိတ်ရှင်းလင်းမှ ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းများ ရေရှည်တည်
တံ့ခိုင်မြဲအောင်၊ ဆက်လက် အသုံးပြုနိုင်အောင်၊ လည်ပတ်ထိန်းသိမ်း
ရေး အဖွဲ့အစည်းများ လိုအပ်ကြောင်း၊ ချဲ့ထားရမည် ဖြစ်ကြောင်းနှင့်
ရန်ပုံငွေများလည်း ကောက်ခံထားသင့်ကြောင်း ဥပမာများဖြင့် ကျေးရွာ
လူထု နားလည်အောင် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထုမှလည်း ပူးပေါင်း
ပါဝင်မှုသာ အောင်မြင်နိုင်မည်ဟု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အခွင့်အရေး
နှင့် တာဝန်ဝတ္တရားများကို ဦးကျော်ဇေမြင့် မှ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု
တွင် အခွင့်အရေးများ ရှိကြောင်း၊ ထိုအခွင့်အရေးများကို သိရှိပြီး
အသုံးချတတ်ဖို့ လိုအပ်ကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ခွင့်တွေကို သိရှိ
ပြီး သတင်းအချက်အလက်တွေ ရယူဖို့ ဆွေးနွေးခဲ့ပါသည်။
ကျေးရွာ၏၊ စေတက် ကော်မတီဝင်တွေရဲ့ တာဝန်ဝတ္တရားများကို သေချာ
စွာ နားလည်အောင် ရှင်းပြပေးခဲ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်
ကျေပွန်မှု စသော အခြေခံမူများကို ရှင်းလင်း၍ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍
စီမံကိန်းမှ သတ်မှတ်ထားသော ဆောင်ရန်၊ ရှောင်ရန် ကျင့်ဝတ်များကို
ကျေးရွာတွင် ကြုံတွေ့ခဲ့ရသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပါသည်။
ထို့နောက် ကျေးရွာ အတွက် လိုအပ်ပြီး စေတနာထား ပြုလုပ်လိုသော
စီမံကိန်းကို စိတ်ဝင်စားသော ကျေးရွာ စေတနာ့ဝန်ထမ်း (၂) ဦးကို
ကျား (၁) ဦး၊ မ (၁) ဦး ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုမှ ရွေးချ
တင်မြှောက်ခဲ့ပြီး စေတနာ့ဝန်ထမ်းများမှလည်း စီမံကိန်းကို စိတ်ဝင်စားသော
ကြောင့် လူမှု၊ ဒေသမှု ရရှိခဲ့ပါသည်။

လူထုဖွံ့ဖြိုး စီမံကိန်း

**တတိယအဆင့် စက်ဝန်း**

စီမံကိန်း ပိတ်သိမ်း အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ကွမ်းဖလား မြို့နယ်အမည် - တောင်ဇေး

နေရာ - စာကြည့်တိုက် ရက်စွဲ - ၂၆.၉.၂၀၁၃

အစည်းအဝေး စတင်ချိန် - ၁၀:၀၀ ပြီးဆုံးချိန် - ၄:၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၄၅) မ (၇၀)

အစည်းအဝေး မစတင်ခင် ကျေးရွာလူထုနှင့် ပထမနှစ် အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး နောက် ဒုတိယနှစ် အစည်းအဝေး အစီအစဉ်များကို ဦးကျော်ဇေဖိုးမှ ရှင်းပြခဲ့ပါသည်။ ထို့နောက် လူမှုသန်းစစ်ခြင်း များ မေး၍ လုပ်ရပါသည်။ ညှိနှိုင်းချက် အစီအစဉ်နှင့် ပထမနှစ်က တွေ့ကြုံခဲ့ ရသော အကြောင်းအရာများကို အနည်းငယ် ပြောကြားခဲ့ပြီး အုပ်စု ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ လူမှု / အရင်းအမြစ် မြေပုံ၊ ဥစ္စာဓန ပိုင်ဆိုင်မှု အဆင့် ခွဲခြားသတ်မှတ်ခြင်း၊ ရာသီဥတု ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ဗင်းကားချပ်၊ ကျား / မ ပင့်ကူအိမ် နှင့် ကျား / မ အရင်းအမြစ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု တို့ကို ကျေးရွာလူထု အားလုံး ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုမှ PRA တစ်ခုချင်းစီကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုကို ကျား / မ အုပ်စု များ ခွဲ၍ ကျေးရွာတွင် အရှိတကယ် လိုအပ်သော၊ ရင်ဆိုင် နေရသော အခက်အခဲ များ နှင့် မျှော်မှန်းချက် များကို ဝိုင်းဝန်း ဆွေးနွေး စေခဲ့ပြီး စာရွက်ပေါ်တွင် ချရေးခဲ့ပါသည်။ ထို့နောက် အခက်အခဲ များ၏ အကြောင်းအရင်းကို အဖြေရှာရန် အတွက် သစ်ပင်နှင့် နှိုင်းယှဉ် ပြီး ပြဿနာ သစ်ပင်ရေးဆွဲရာ အကြောင်းတရားများ နှင့် အကျိုး

သက်ရောက်မှုများကိုလည်း ကျေးရွာလူထုအား နားလည်နိုင်သော ဥပမာများဖြင့် ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာအတွက် ဦးစားပေး လုပ်ငန်းများ ရွေးချယ်ရာတွင် လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားစေသော ဥပမာများဖြင့် သွေးနွေးခဲ့ပြီး ကျေးရွာလူထု၏ အများဆန္ဒ အတိုင်း ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ခဲ့ပါသည်။ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ပြီးသောအခါ ကျေးရွာ၏ ( ၄ ) နှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ်ကို ရေးဆွဲခဲ့သည်။

ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ ရွေးချယ်ပြီးသော အခါ ထိုလုပ်ငန်းများ လုပ်ကိုင် အကောင်အထည်ဖော်နိုင်ရန် ကျေးရွာတွင် ကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်းကို ထပ်မံရှင်းပြခဲ့ပါသည်။ ကော်မတီများ ဖွဲ့စည်းရန် အတွက် ကျေးရွာ စီ၊ သောက် ကော်မတီ ဖွဲ့စည်းပုံနှင့် အုပ်စု ကော်မတီ ဖွဲ့စည်းပုံ တို့ကို ပထမဦးစွာ ရှင်းပြခဲ့ပြီး ကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို ထပ်မံရှင်းပြခဲ့ပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် သွေးမျိုး အရင်းများ မပါဝင်ရန်၊ လူမှန်၊ နေရာမှန် ရွေးချယ်တတ်ရန် အရေးကြီးကြောင်း သွေးနွေးခဲ့ပြီး ကျေးရွာလူထု အများသဘော ဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ခဲ့ပါသည်။

အကြောင်းအရာများ အားလုံးကို အနှစ်ချုပ်ပြီး အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးကြောင်းနှင့် ကျေးဇူးတင်ရှိ ကြောင်း ပြောကြားခဲ့သည်။ ကော်မတီဝင်များ အားလုံးကို အချက်အလက်များ ဖြည့်ခဲ့ပြီး လက်မှတ် ရေးထိုးစေခဲ့ပါသည်။ ကျေးရွာ စီ၊ သောက် ကော်မတီဝင်များနှင့် မှတ်တမ်း ဓာတ်ပုံ ရိုက်ကူး ဒုတိယ ၁၁ နာရီ စီမံကိန်း မိတ်ဆက် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကွမ်းယလား ကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ဒီးကြီး၊ ဖိုးတိုင် ဝိုးချုံဥယာ | ကျား + မ | ၉/၂၀၁၇ | | |
| | ၂ | ရေခင်၊ ခေါ်ရေကွန်း ရေပိုက် | ။ | ။ | | |
| | ၃ | ဆိုလာမီး လမ်း ရှေ့ (တဲဘိုက် | ။ | ။ | | |
| | ၄ | ရွာချမ်း ဘက် လမ်း ခင်း ခြံ | ။ | ။ | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | စိုက်ပျိုးရေး၊ မွေးမြူရေး | | | | |
| | ၂ | [illegible] | | | | |
| | ၃ | နည်း ပညာ သင်တန်း [illegible] | | | | |
| | ၄ | [illegible] | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေး [illegible] | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |